# ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ (ပြင်ဆင်ချက်) အက်ဥပဒေ။ *

(၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၄။)
(၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။ နောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာအက်ဥပဒေပုဒ်မ ၂ အပိုဒ် (ခ) တွင် "ဆေးအတတ်သင်ကြားရေး၊ မှတ်ပုံတင် ရေး" ဆိုသည့်စကားရပ်အစား၊ "ပြည်ထောင်စုမြန်မာနိုင်ငံဆေး" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။ အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၃ တွင် —

(က) ပုဒ်မခွဲ (၁) ၌၊ "ဆေးအတတ်သင်ကြားရေး၊ မှတ်ပုံတင်ရေး" ဆိုသည့် စကားရပ်အစား၊ "ပြည်ထောင်စုမြန်မာနိုင်ငံဆေး" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ ၃ တွင် —

(၁) အပိုဒ် (ခ) ၌ "ဆေးပညာကျော်" ဆိုသည့် စကားရပ်နှင့် ထိုအပိုဒ် အောက်ရှိ ရှင်းလင်းချက်ကို ပယ်ဖျက်ရမည်။

(၂) အပိုဒ် (ဂ) ကို ပယ်ဖျက်ရမည်။

(၃) အပုဒ် (ဃ) တွင် "ကိုးဦး" ဆိုသည့်စကားရပ်အစား "တစ်ဆယ်ဦး" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။ အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၄ တွင် "အပိုဒ် (ဂ) နှင့် (ဃ)" ဆိုသည့် စကားရပ်အစား၊ "အပိုဒ် (ဃ)" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်၊ စာမျက်နှာ - ၁၈၅၂။

၅။ ။ အဆိုပါ အက်ဥပဒေ၏ ပုဒ်မ ၃၂ နောက်တွင် အောက်ပါကို ပုဒ်မ ၃၃ အဖြစ် ထည့်သွင်းရမည်။

"၃၃။ ။ (၁) မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာအက်ဥပဒေ (The Myanmar Medical Act) အရ ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံဆေးကောင်စီသည်၊ဤအက်ဥပဒေစတင်အာဏာတည်သည့်နေ့ရက်တွင် ဤအက်ဥပဒေအရဖွဲ့စည်းတည်ထောင်သည့်ပြည်ထောင်စု မြန်မာနိုင်ငံဆေးကောင်စီ ဖြစ်သည်ဟု မှတ်ယူရမည့်ပြင်၊ ဤအက်ဥပဒေဖြင့် အပ်နှင်းထားသော အာဏာ နှင့် တာဝန်ဝတ္တရားများကိုလည်းသုံးစွဲ ဆောင်ရွက်ရမည်။ ထို့ပြင် မြန်မာနိုင်ငံ ဆေးကောင်စီလူကြီးများသည်၊ ဤ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ ပထမ ပြည်ထောင်စု မြန်မာနိုင်ငံဆေးကောင်စီဖွဲ့စည်းတည်ထောင်သည့်နေ့ ရက်တွင် ရာထူးမှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

*အကူးအပြောင်းကာလ ပြဋ္ဌာန်းချက်များ။*

(၂) ဤအက်ဥပဒေစတင်အာဏာတည်သည့်နေ့ရက်တွင် မြန်မာနိုင်ငံဆေးကောင်စီ၌ အမှုထမ်းနေသော မှတ်ပုံတင်အရာရှိ၊ အခြားအရာရှိများ၊ စာရေးစာချီများ၊ အောက်တန်း အမှုထမ်းများကိုလည်း ပုဒ်မ ၁၀ အရ ခန့်ထားပြီးဖြစ်ဘိသကဲ့သို့ ဤအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်သော ပြည်ထောင်စုမြန်မာနိုင်ငံ ဆေးကောင်စီ၌ ဆက်လက် အမှုထမ်းရွက်စေရမည်။"

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၀ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်။
(၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်။)

အမိန့်အရ၊

ပါစိန်၊
နိုင်ငံတော်သမ္မတ၏အတွင်းဝန်။